# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

December 11 , 2023 Volume 73, Number 6

၁၁.၁၂.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၉၉ US$ |
| မြန်မာ့ရွှေဈေး | = ၃၆၈၀၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၃၅၂၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၆၀.၂ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၆၂.၆ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၃၅.၈ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၇၆.၈ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၂.၄၆ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၁၈၄ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၉.၁၃ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၈.၄၈ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၈.၈၆၅ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

## စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ ပြည်တွင်းဖြန့်ဖြူးရန်နှင့် ပြည်ပသို့တင်ပို့ရန် ဆန်ကြိတ်ခွဲ ထုတ်လုပ်မှုအခြေအနေများအား ကြည့်ရှုစစ်ဆေး



စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံသည် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်၊ ရွှေလင်ဗန်းစက်မှုဇုန်ရှိ တစ်ရက်လျှင် တန် ၄၇၀ ကျ ရွှေဝါရောင်ဆန်စက်သို့ရောက်ရှိပြီး စက်ရုံအတွင်းကုန်ကြမ်းများမှ ပြည်တွင်းဖြန့်ဖြူးရန်နှင့် ပြည်ပသို့တင်ပို့ရန်အတွက် အဆင့်မြင့်ဆန်များအားသန့်စင်ခြင်း၊ ထပ်မံကြိတ်ဖွတ်ခြင်း၊ ဆန်ကွဲခွဲထုတ်ခြင်း၊ ဆန်အရောင်တင်ခြင်းနှင့်အရောင်ခွဲခြားခြင်း၊ သတ်မှတ်အရည်အသွေးပြည့်မီရေး စစ်ဆေးခြင်း၊ အိတ်သွပ်ထုပ်ပိုးခြင်းလုပ်ငန်းစဉ်များ၊ ဆန်များကို ပိုးသတ်မှိုင်းတိုက်ပြုလုပ်ထားရှိမှု၊ ပြည်တွင်းဖြန့်ဖြူးရန်စီစဉ်ထားရှိမှု၊ ပြည်ပသို့တင်ပို့ရန်သိုလှောင်ထားရှိမှု၊ တိရစ္ဆာန်အစာသိုလှောင်ထားရှိမှုတို့အား ကြည့်ရှုစစ်ဆေးပြီး ကုန်ထုတ်လုပ်မှုတိုးမြှင့်ဆောင်ရွက်ရေး၊ ကုန်သွယ်မှုမြှင့်တင်ရေး၊ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးအတွက် ကုန်သွယ်ဘက်နိုင်ငံများရှိ ကုမ္ပဏီများနှင့် စေ့စပ်ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရေး၊ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရေးတို့အား မှာကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နေ့လယ်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်ရှိ စားသုံးသူရေးရာဦးစီးဌာန၊ ကုန်ပစ္စည်းစမ်းသပ်

စစ်ဆေးရေးနှင့်အရည်အသွေးစီမံခန့်ခွဲမှုဌာန (Commodity Testing and Quality Management – CTQM) သို့ ရောက်ရှိပြီး လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ကုန်ပစ္စည်းစမ်းသပ်စစ်ဆေးရေးနှင့်အရည်အသွေးစီမံခန့်ခွဲမှုဌာန၊ ဌာနမှူးက လယ်ယာထွက်ကုန်သီးနှံများ စမ်းသပ်စစ်ဆေးပေးလျက်ရှိသည့် ဓာတ်ခွဲခန်းများတည်ထောင်ထားရှိမှု၊ ဓာတ်ခွဲခန်းအလိုက် သီးနှံအမျိုးအစားအလိုက် စမ်းသပ်စစ်ဆေးပေးမှု၊ ဘဏ္ဍာနှစ်အလိုက် လုပ်ငန်းဆောင်ရွက်နိုင်ခဲ့မှု၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် သင်တန်းဖွင့်လှစ်ပို့ချပေးနိုင်မှု၊ သုတေသနလုပ်ငန်းဆောင်ရွက်မှု၊ နိုင်ငံတကာအသိအမှတ်ပြု ဓာတ်ခွဲခန်းလက်မှတ်ရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်မှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်ပစ္စည်းအရည်အသွေးတွင် အရေးကြီးသည့်လုပ်ငန်းစဉ်တစ်ခုဖြစ်သော ဓာတ်ခွဲခန်းများအဆင့်မြှင့်တင်ရေး၊ ကျွမ်းကျင်သည့် ဓာတ်ခွဲခန်းဝန်ထမ်းများဖြစ်လာစေရန်အတွက် စဉ်ဆက်မပြတ်လေ့ကျင့်သင်ကြားပေးရေးနှင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။ အဆိုပါ စားသုံးသူရေးရာဦးစီးဌာန၊ ကုန်ပစ္စည်းစမ်းသပ်စစ်ဆေးရေးနှင့်အရည်အသွေးစီမံခန့်ခွဲမှုဌာန (Commodity Testing and Quality Management – CTQM) တွင် ဆီနှင့်ဆီထွက်သီးနှံဓာတ်ခွဲခန်း၊ ပိုးသတ်ဆေးကြွင်းဓာတ်ခွဲခန်း၊ ပိုးမွှားဓာတ်ခွဲခန်း၊ သီးနှံ(ဓာတု)ဓာတ်ခွဲခန်း၊ သီးနှံ(ရူပ)ဓာတ်ခွဲခန်း၊ မှိုဆိပ်ဓာတ်ခွဲခန်းနှင့် အဏုဇီဝပိုးဓာတ်ခွဲခန်းများစသည့် ဓာတ်ခွဲခန်း(၇)ခု၌ သက်ဆိုင်ရာသီးနှံများကို စစ်ဆေးပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**Source:** https://www.commerce.gov.mm/my/article/

## စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြည်ပပို့ကုန်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့်စက်ရုံများအား ကြည့်ရှုစစ်ဆေး



စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံသည် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၊ ကြို့ကုန်းရှိ ရေထွက်ကုန်လုပ်ငန်းများ ထုတ်လုပ်တင်ပို့လျက်ရှိသည့် Golden Bay Limited နှင့် ရွှေပြည်သာ စက်မှုဇုန်ရှိ ပဲမျိုးစုံ၍ ပြည်ပသို့တင်ပို့လျက်ရှိသည့် New Golden Gate (1991) Co.,Ltd သို့ ရောက်ရှိရာ စက်ရုံရှင်းလင်းဆောင်တွင် တာဝန်ရှိသူများက စက်ရုံမှထုတ်လုပ်နေမှုများနှင့် ပြည်ပသို့တင်ပို့နေမှုများအား ရှင်းလင်းပြောကြားပြီး စက်ရုံအတွင်း ပြည်ပသို့တင်ပို့ရန် ရေထွက်ကုန်ပစ္စည်းများနှင့် ပဲများထုတ်လုပ်နေမှုအဆင့်ဆင့်နှင့် ပြည်ပသို့တင်ပို့ရန် ပြင်ဆင်ထားရှိမှုများအားကြည့်ရှု၍ စက်ရုံထွက်ကုန်ပစ္စည်းများအား ပြည်တွင်းဈေးကွက် တည်ငြိမ်ရေးကို ဦးစွာဆောင်ရွက်ပြီး ပြည်ပသို့တိုးမြှင့်တင်ပို့နိုင်ရေးနှင့် ပြည်ပဈေးကွက်ပိုမိုရရှိအောင်ဆောင်ရွက်ရေး၊ မှန်ကန်သည့်ကုန်သွယ်မှုဖြစ်ပေါ်စေရေးနှင့် ကုန်သွယ်မှုလုပ်ငန်းများ လျှင်မြန်ချောမွေ့စေရေးအတွက် အစိုးရနှင့်လုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်ရေး၊ ကုန်သွယ်မှုပတ်ဝန်းကျင် တိုးတက်ကောင်းမွန်ရေး၊ ပုဂ္ဂလိက ကဏ္ဍ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ ဒေသတွင်းနိုင်ငံများနှင့်သာမက နိုင်ငံတကာနှင့်ပူးပေါင်း၍ တိုးမြှင့်တင်ပို့နိုင်ရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်အရည်အသွေးပြည့်ဝရေး၊ ပြည်ပတင်ပို့မှုတွင် နိုင်ငံတကာမှအသိအမှတ်ပြုပြီး ပြည်ပဈေးကွက်များတွင် တိုးချဲ့ဝင်ရောက်နိုင်မည့် Hazard Analysis and Critical Control Point (HACCP) ကဲ့သို့ နိုင်ငံတကာသတ်မှတ်စံချိန်စံညွှန်းမီ ကြိုးပမ်းဆောင်ရွက်ရေးတို့ကို မှာကြားခဲ့သည်။

ထို့နောက် နေ့လယ်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် အမျိုးသားဇာတ်ရုံ၊ မြို့မကျောင်းလမ်း၌ ကျင်းပပြုလုပ်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ၏ (၃၂) ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီ အစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားခဲ့သည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပန်းဘဲတန်းမြို့နယ်၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ဥက္ကဋ္ဌ ဦးအေးဝင်း၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမင်းအောင်နှင့်မြန်မာနိုင်ငံ ပဲမျိုးစုံ၊ ပြောင်းနှင့်နှမ်းကုန်သည်များအသင်းမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ထုတ်ကုန်တိုးမြှင့်ထုတ်လုပ်နိုင်ရေးနှင့် ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေးများကိုဆွေးနွေးပြီး တင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သတင်းရရှိသည်။

**Source:** https://www.commerce.gov.mm/my/article/

## လက်ရှိဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံမှ ချုပ်ပြီးအထည်များကို နိုင်ငံပေါင်း ၈၀ ကျော်သို့ တင်ပို့လျက်ရှိပြီး ဂျပန်၊ ပိုလန်၊ စပိန်၊ဂျာမနီ၊ ကိုရီးယား၊ ယူကေ၊ နယ်သာလန်၊ အီတလီ၊ USA၊ ပြင်သစ်၊ ဒိန်းမတ်၊ ဘယ်လ်ဂျီယံတို့မှာ အဓိကတင်ပို့နေသည့်ဈေးကွက်များဖြစ်

လက်ရှိဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံမှချုပ်ပြီးအထည်များကို နိုင်ငံပေါင်း ၈၀ ကျော်သို့တင်ပို့လျက်ရှိပြီး ဂျပန်၊ ပိုလန်၊ စပိန်၊ ဂျာမနီ၊ ကိုရီးယား၊ ယူကေ၊ နယ်သာလန်၊ အီတလီ၊ USA၊ ပြင်သစ်၊ ဒိန်းမတ်၊ ဘယ်လ်ဂျီယံတို့မှာ အဓိကတင်ပို့နေသည့် ဈေးကွက်များဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမင်းမင်းက ဒီဇင်ဘာ ၈ ရက်တွင် ပြောကြားခဲ့သည်။

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း(MGMA)နှင့် တရုတ်အထည်ချုပ်လုပ်ငန်းရှင်များအသင်း(CTGA)တို့ ပူးပေါင်းကာ Zhejiang International Trade Exhibition Myanmar ကို ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၈၊ ၉ နှင့် ၁၀ ရက်တွင် ရန်ကုန်မြို့ရှိ YCC , Yangon Convention Center (Inya Lake Compound) ၌ ကျင်းပလျက်ရှိရာ ဒီဇင်ဘာ ၈ ရက်က ကျင်းပခဲ့သည့် ပြပွဲဖွင့်ပွဲ အခမ်းအနားတွင် ဒုတိယဝန်ကြီး ဦးမင်းမင်းက အထက်ပါအတိုင်းပြောကြားခဲ့ခြင်းဖြစ်သည်။

"မြန်မာနိုင်ငံအနေနဲ့ အထည်ချုပ်ကဏ္ဍမှ ပြည်ပတင်ပို့မှုမှာ CMP စနစ်နဲ့ဆောင်ရွက်တဲ့လုပ်ငန်းက အများဆုံးဖြစ်ပါတယ်။ ပြီးခဲ့တဲ့ဘဏ္ဍာနှစ်ဖြစ်တဲ့ ၂၀၂၂-၂၀၂၃ မှာ အထည်ချုပ်ကနေ ဒေါ်လာ ၅ ဒသမ ၃ ဘီလျံတင်ပို့နိုင်ခဲ့ပါတယ်။ ချုပ်ပြီးအထည်တွေကို နိုင်ငံပေါင်း ၁၀၀ ကျော်ကို တင်ပို့နိုင်ခဲ့ပါတယ်။ လက်ရှိ ဘဏ္ဍာနှစ်မှာလည်း နိုင်ငံပေါင်း ၈၀ ကျော်ကို အဓိကထားပြီး တင်ပို့လျက်ရှိပါတယ်။ ဂျပန်၊ ပိုလန်၊ စပိန်၊ ဂျာမနီ၊ ကိုရီးယား၊ ယူကေ၊ နယ်သာလန်၊ အီတလီ၊ USA ၊ ပြင်သစ်၊ ဒိန်းမတ်၊ ဘယ်လ်ဂျီယံတို့ဟာ အဓိကတင်ပို့တဲ့ ဈေးကွက်များဖြစ်ပါတယ်"ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမင်းမင်းက ပြောကြားသည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပထမသုံးလပတ်အတွင်း ပြည်ပသို့ချုပ်ပြီးအထည်တင်ပို့မှုမှ ဝင်ငွေဒေါ်လာ ၉၉၄ ဒသမ ၁ သန်း ရရှိခဲ့ကြောင်း ဗဟိုစာရင်းအင်းအဖွဲ့၏ ထုတ်ပြန်ချက်အရ သိရသည်။

၂၀၂၂-၂၃ ဘဏ္ဍာနှစ်အတွင်း ပြည်ပသို့ချုပ်ပြီးအထည်တင်ပို့မှုမှ ဝင်ငွေဒေါ်လာ ၅၃၈၈ ဒသမ ၈ သန်းရရှိပြီး၊ ဒုတိယသုံးလပတ်အတွင်းက ဒေါ်လာ ၁၈၄၁ သန်းကျော်ဖြင့် အများဆုံးတင်ပို့ခဲ့ကြောင်း စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့မှ ထုတ်ပြန်ချက်အရ သိရသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း ပြည်ပသို့ချုပ်ပြီးအထည် တင်ပို့မှုအနေဖြင့် ပထမသုံးလပတ်အတွင်း ဒေါ်လာ ၁၃၆၃ ဒသမ ၉ သန်း၊ ဒုတိယသုံးလပတ်အတွင်း ဒေါ်လာ ၁၈၄၁ ဒသမ ၁သန်း၊ တတိယသုံးလပတ်အတွင်း ဒေါ်လာ ၁၁၃၆ ဒသမ ၄ သန်း၊ စတုတ္ထသုံးလပတ်အတွင်း ဒေါ်လာ ၁၀၄၇ ဒသမ ၄ ဖြင့် စုစုပေါင်း ဒေါ်လာ ၅၃၈၈ ဒသမ ၈ သန်း ရရှိခဲ့ခြင်းဖြစ်သည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်သည် ဧပြီမှမတ်လအထိဖြစ်သည်။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပထမသုံးလပတ်ဖြစ်သည့် ၂၀၂၂ ခုနှစ် ဧပြီမှဇွန်လအတွင်း ပြည်ပသို့ချုပ်ပြီးအထည် တင်ပို့မှုမှဝင်ငွေ ဒေါ်လာ ၁၃၆၃ ဒသမ ၉ သန်းရရှိခဲ့သည်။ ဒုတိယသုံးလပတ်အတွင်း ဒေါ်လာ ၁၈၄၁ ဒသမ ၁ သန်း၊ တတိယသုံးလပတ်အတွင်း ဒေါ်လာ ၁၁၃၆ ဒသမ ၄ သန်းရရှိခဲ့ခြင်းဖြစ်သည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီမှ ဒီဇင်ဘာလအထိကာလအတွင်း ပြည်ပသို့ချုပ်ပြီးအထည်တင်ပို့မှုမှ ဝင်ငွေဒေါ်လာ ၄၃၄၁ ဒသမ ၄ သန်းရရှိထားသည်။

၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် အောက်တိုဘာမှမတ်လအထိ (Mini Budget) ခြောက်လအတွင်း ပြည်ပသို့ချုပ်ပြီးအထည်တင်ပို့မှုမှ ဒေါ်လာ ၂၂၂၉ သန်းကျော်ရရှိခဲ့ပြီး လအလိုက်တင်ပို့မှုအနေဖြင့် ဒီဇင်ဘာလတွင် အများဆုံးတင်ပို့ခဲ့ခြင်းဖြစ်ကြောင်း စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ သိရသည်။

၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် အောက်တိုဘာမှမတ်လအထိ (Mini Budget) ခြောက်လအတွင်း လအလိုက် ပြည်ပသို့ချုပ်ပြီးအထည်တင်ပို့မှုအနေဖြင့် အောက်တိုဘာတွင် ဒေါ်လာ ၃၀၂ ဒသမ ၉ သန်း၊ နိုဝင်ဘာတွင် ၃၃၇ ဒသမ ၉ သန်း၊ ဒီဇင်ဘာတွင် ၄၁၄ ဒသမ ၃ သန်း၊ ဇန်နဝါရီတွင် ၄၁၀ ဒသမ ၃ သန်း၊ ဖေဖော်ဝါရီတွင် ၃၆၀ ဒသမ ၆ သန်း၊ မတ်လတွင် ဒေါ်လာ၄၀၃ ဒသမ ၈ သန်းဖြင့် စုစုပေါင်းဒေါ်လာ ၂၂၂၉ ဒသမ ၈ သန်းရရှိခဲ့ကြောင်း သိရသည်။

**Source:** https://news-eleven.com/article/285243https://news-eleven.com/article/285243

## တရုတ်-မြန်မာနှစ်နိုင်ငံ အထည်အလိပ်နှင့်အထည်ချုပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးရည်ရွယ်၍ မြန်မာ့အထည်အလိပ်နှင့်စက်ယန္တရားကုန်စည်ပြပွဲ ယနေ့စတင်ကျင်းပ







တရုတ်-မြန်မာနှစ်နိုင်ငံ အထည်အလိပ်နှင့်အထည်ချုပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးရည်ရွယ်၍ မြန်မာ့အထည်အလိပ်နှင့်စက်ယန္တရားကုန်စည်ပြပွဲကို ရန်ကုန်မြို့၊ အင်းယားလိတ်ဟိုတယ်ဝင်း၊ Yangon Convention Center (YCC) တွင် ယနေ့ ဒီဇင်ဘာ ၈ ရက်တွင် စတင်ကျင်းပခဲ့ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက "အခုပွဲကို မြန်မာနိုင်ငံမှာထုတ်လုပ်တဲ့ Made in Myanmar ပရိုမိုးရှင်း၊ တရုတ်-မြန်မာ နှစ်နိုင်ငံ အထည်အလိပ်နဲ့အထည်ချုပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကိုရည်ရွယ်ပြီး ကျင်းပခြင်းကို နွေးထွေးစွာကြိုဆိုပါတယ်။ အထည်အလိပ်နဲ့အထည်ချုပ်လုပ်ငန်း အားကောင်းတဲ့အချိန်မှာ လုပ်သားဦးရေ ၅ သိန်းနီးပါးကို အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးနေတဲ့ လုပ်ငန်းတစ်ခုအဖြစ်ရပ်တည်ခဲ့ပါတယ်။ ဖောက်သည်သစ်ရှာဖွေရေး၊ နည်းပညာ၊ ဆန်းသစ်တီထွင်မှုနဲ့စက်ပစ္စည်းများရရှိမှုအတွက်ကို အခုလိုပြပွဲတွေကျင်းပတာဟာ မရှိမဖြစ်လိုအပ်နေတဲ့အရာတစ်ခုပဲ ဖြစ်ပါတယ်။ အဲဒီလိုကျင်းပမှပဲ လုပ်ငန်းအချိတ်အဆက်တွေ၊ နည်းပညာတွေ၊ စက်ပစ္စည်းနဲ့ဆန်းသစ်တီထွင်မှု စိတ်ကူးစိတ်သန်းတွေကို ရရှိလာကြမှာပဲဖြစ်ပါတယ်" ဟုပြောသည်။

အဆိုပါ တရုတ်-မြန်မာနှစ်နိုင်ငံ အထည်အလိပ်နှင့်စက်ယန္တရားကုန်စည်ပြပွဲ ၂၀၂၃ ကို ရန်ကုန်မြို့ အင်းယားလိတ်ဟိုတယ်ဝင်းရှိ Yangon Convention Center တွင် ဒီဇင်ဘာ ၈ ရက်မှ ၁၀ ရက်အထိ ၃ ရက်တာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ကုန်စည်ပြပွဲကို တရုတ်နိုင်ငံ၊ ကျဲ့ကျန်းပြည်နယ်မှ ကူးသန်းရောင်းဝယ်ရေးဦးစီးဌာန၏ ပံ့ပိုးကူညီမှုဖြင့် မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) နှင့် Chinese Textile & Garment Association In Myanmar (CTGA) တို့ ပူးပေါင်းကာ တရုတ်-မြန်မာနှစ်နိုင်ငံ အထည်အလိပ်နှင့်အထည်ချုပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ရည်ရွယ်၍ မြန်မာ့အထည်အလိပ်နှင့် စက်ယန္တရားကုန်စည်ပြပွဲ ၂၀၂၃ ကို ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ယင်းကုန်စည်ပြပွဲတွင် တရုတ်နိုင်ငံမှ အမှတ်တံဆိပ် ၂၈ ခု၊ အထည်အလိပ်နှင့်အဝတ်အထည်၊ ဖိနပ်နှင့်အိတ် ထုတ်လုပ်သည့်လုပ်ငန်းရှင်များ၊ အဝတ်အထည်ဆိုင်ရာ စက်ပစ္စည်းလုပ်ငန်းရှင် ၁၀၀ ကျော်က ပြခန်းပေါင်း ၁၀၀ ကျော်တွင် ၎င်းတို့၏

ထုတ်ကုန်များကို ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါပြပွဲတွင် ပြခန်းစုစုပေါင်း ၁၅၀ ခန့် ပါဝင်ကြောင်း သိရသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမင်းမင်းက "မြန်မာနိုင်ငံနဲ့တရုတ်နိုင်ငံတို့ဟာ ကုန်သွယ်မှုကို နှစ်ပေါင်းများစွာ ဆောင်ရွက်ခဲ့ကြတဲ့ အိမ်နီးချင်းနိုင်ငံများဖြစ်ပါတယ်။ နှစ်နိုင်ငံအနေနဲ့ ပင်လယ်ရေကြောင်းကုန်သွယ်မှုရော၊ နယ်စပ်ကုန်သွယ်မှုကိုပါ လက်တွဲညီညီဆောင်ရွက်ခဲ့ကြတဲ့အတွက် ကုန်သွယ်မှုပမာဏဟာ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာတာကို တွေ့ရမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ပြီးခဲ့တဲ့ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်မှာ အထည်ချုပ်ကဏ္ဍကနေပြီးတော့ ကျွန်တော်တို့ အမေရိကန်ဒေါ်လာ ၅ ဒသမ ၃ ဘီလီယံကို တင်ပို့နိုင်ခဲ့ပါတယ်။ ချုပ်ပြီးအထည်တွေကို နိုင်ငံပေါင်း ၁၀၀ ကျော်ကို တင်ပို့နိုင်ခဲ့ပါတယ်။ လက်ရှိဘဏ္ဍာနှစ်မှာလည်း နိုင်ငံပေါင်း ၈၀ ကျော်ကို အဓိကထားပြီး တင်ပို့လျက်ရှိပါတယ်။ ကျွန်တော်တို့ လိုအပ်နေတဲ့ ကုန်ကြမ်းများကိုလည်း လုပ်ငန်းအပ်နှံတဲ့နိုင်ငံတွေကနေ တရုတ်နိုင်ငံဈေးကွက်ကနေတဆင့် ကုန်ကြမ်းပစ္စည်းများ အဓိက တင်သွင်းခဲ့ပါတယ်။ ဒီနှစ် အထည်အလိပ် ကုန်ကြမ်းတန်ဖိုး အမေရိကန်ဒေါ်လာ ၁ ဘီလီယံကျော် တင်သွင်းခဲ့တဲ့အခါမှာလည်း တရုတ်နိုင်ငံကနေ ၉၀ ရာခိုင်နှုန်းကျော်ကို တင်သွင်းခဲ့တာတွေ့ရပါတယ်"ဟု ပြောသည်။

မြန်မာနိုင်ငံ၏ အထည်ချုပ်လုပ်ငန်းကဏ္ဍသည် COVID-19 ကပ်ရောဂါကြောင့် ထိခိုက်မှုများရှိခဲ့ကြောင်း၊ ကပ်ရောဂါမတိုင်မီ အထည်ချုပ်လုပ်ငန်း ၇၀၀ ကျော်လည်ပတ်နေရာမှ လုပ်ငန်းပိတ်သိမ်းခဲ့ရခြင်းများရှိကြောင်း ဒုတိယဝန်ကြီး၏ ပြောကြားချက်အရ သိရသည်။

ဦးမင်းမင်းက "အထည်ချုပ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခုလို ကုန်စည်ပြပွဲတွေကျင်းပခြင်းက အရေးပါတဲ့အခန်းကဏ္ဍမှာ ပါဝင်ပါတယ်"ဟု ဖြည့်စွက်ပြောကြားသည်။ ဖွင့်ပွဲအခမ်းအနားအား ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ China Chamber of Commerce for Import and Export of Textile ၊ မြန်မာနိုင်ငံရှိ တရုတ်နိုင်ငံသံရုံးမှ သံအမတ်ကြီး၊ တရုတ်နိုင်ငံ ကျဲ့ကျန်းပြည်နယ်မှ ကူးသန်းရောင်းဝယ်ရေးဦးစီးဌာန၊ UMFCCI, CECCM, MGMA, CTGA, UGIMA, KUGAM တို့မှ တာဝန်ရှိသူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် အခြားသောသက်ဆိုင်ရာအဖွဲ့အစည်းများမှ တာဝန်ရှိသူများက မိန့်ခွန်းများ အသီးသီးပြောကြားခဲ့သည်။

**Source:** https://xinhuamyanmar.com/news/sino-myanmar/nm-2312811/

## လွယ်ဂျယ်နှင့်ကံပိုင်တည် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ်နှစ်နိုင်ငံ ကုန်သွယ်မှုအခြေအနေ

ကချင်ပြည်နယ်တွင် လွယ်ဂျယ်နှင့်ကံပိုင်တည် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ်နှစ်နိုင်ငံ ကုန်သွယ်မှုများရှိခဲ့ရာ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်မှ ဒီဇင်ဘာလ ၁ ရက်နေ့များအတွင်း တင်ပို့ခဲ့သော ပို့ကုန်၏ငွေပမာဏ စုစုပေါင်းတန်ဖိုးမှာ ၄၉,၃၈,၈၂၁ ဒသမ ၄၇၀ ကန်ဒေါ်လာတင်ပို့မှုရှိခဲ့ပြီး၊ သွင်းကုန်၏ စုစုပေါင်းငွေပမာဏတန်ဖိုးမှာ ၆,၀၃,၃၁၄ ဒသမ ၈၅၀ ကန်ဒေါ်လာတင်သွင်းမှုရှိခဲ့ပါသည်။

တင်ပို့ခဲ့သည့် ကုန်ပစ္စည်းများမှာ တစ်သျှူးငှက်ပျော၊ ပြောင်း၊ ရော်ဘာ၊ ဆေးကုလားမ၊ သခွားမွှေး၊ ဆန်ကွဲ၊ ဖရဲသီး၊ ကြံနှင့် ဆန်များ တင်ပို့ခဲ့ကြောင်းသိရှိရပါသည်။ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ ငွေပမာဏသည် ၂၃,၀၂,၅၄၁ ဒသမ ၅၅၀ ကန်ဒေါ်လာဖြစ်ပြီး၊ ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ ငွေပမာဏတန်ဖိုးမှာ ၂၆,၃၆,၂၇၉ ဒသမ ၉၂၀ ဒေါ်လာ တင်ပို့မှုရှိခဲ့ပါသည်။

သွင်းကုန်ပစ္စည်းများမှာ ဆေးဝါးပစ္စည်းများ၊ လယ်ထွန်စက်များ၊ ပလတ်စတစ်ကုန်ကြမ်း ပစ္စည်းများ၊ ကုန်ထုတ်စက်ကိရိယာများ၊ လူသုံးအခြားပစ္စည်းများ၊ ဓာတ်မြေဩဇာများ၊ ချည်ထည်များ၊ လယ်ယာသုံးနောက်တွဲယာဉ်နှင့် အခြားယာဉ်များ၊ သံနှင့်သံမဏိဆောက်လုပ်ရေးပစ္စည်းများ၊ မော်တော်ယာဉ်နှင့်မော်တော်ယာဉ်ပစ္စည်းများ၊ သံပိုက်၊ ပလတ်စတစ်ပိုက်၊ ပန်းသီးနှင့် မြက်ခင်းတု များတင်သွင်းမှုရှိခဲ့ပါသည်။ ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့အမှန် တင်သွင်းကုန်၏ ငွေပမာဏမှာ ကန်ဒေါ်လာ ၁,၈၀,၄၇၉ ဒသမ ၃၆၀ တင်သွင်းမှုရှိခဲ့ပြီး၊ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ အမှန် တင်သွင်းကုန်၏ ငွေပမာဏတန်ဖိုးမှာ ကန်ဒေါ်လာ ၄,၂၂,၈၃၅ ဒသမ ၄၉၀ တင်သွင်းမှုရှိခဲ့ပါသည်။

မြန်မာကျပ်ငွေနှင့် တရုတ်ယွမ်ငွေလဲနှုန်းမှာ မြန်မာငွေ ၁ ကျပ်လျှင် တရုတ်ငွေ ၀ ဒသမ ၃၃၆ ယွမ်ရှိပြီး တရုတ်ငွေ ၁ ယွမ်လျှင် မြန်မာကျပ်ငွေ ၂၉၇ ဒသမ ၆၁ ကျပ်ရှိကြောင်းသိရှိရပါသည်။

Source: ကချင်ပြည်နယ်ဦးစီးမှူးရုံး

## စလင်းမြို့၊ မြင်တင်ရပ်ကွက်ရှိ ပဲကြော်ထုတ်လုပ်မှုနှင့်ဈေးနှုန်းဈေးကွက်



မကွေးတိုင်းဒေသကြီး၊ စလင်းမြို့၊ မြင်တင်ရပ်ကွက်သည် ပဲပူးကြော်လုပ်ငန်းကို လုပ်ကိုင်လျက် ရှိရာ ကုန်ကြမ်းအဖြစ် ပဲကြီးကို ဆင်ဖြူကျွန်းမြို့နှင့် မုံရွာမြို့တို့မှ တစ်တင်းလျှင်ကျပ် (၁၂၀,၀၀၀-၁၃၀,၀၀၀) ဖြင့် ဝယ်ယူရရှိကြောင်း၊ ပဲကြော်လုပ်ကိုင်ရာတွင် ပဲကြီးနှင့်ဆီတို့အဓိကပါဝင်ပြီး ပဲကြီးကို တစ်နေ့နှင့်တစ်ည ရေစိမ်ပြီးနောက် စက်ဖြင့်အခွံချွတ်ပါက ပဲများကွဲထွက်သွားနိုင်ခြင်း၊ ပဲအလေ့နည်းခြင်းများဖြစ်သည့်အတွက် လက်ဖြင့်အခွံချွတ်ရကြောင်း၊ အခွံချွတ်ပြီးသားပဲများကို ရေဖြင့်သန့်စင်သွားအောင်ဆေးကြော၍ ရေစစ်ထားပြီးလျှင် ဆားအနည်းငယ်၊ ဆော်ဒါမှုန့်နှင့်ကော်မုန့် အနည်းငယ်ထည့်၍ ဆီနှင့်ကြော်ရကြောင်း၊ ပဲများကြွပ်လာလျှင် အအေးခံကာရရှိလာသော ပဲပူးကြော်များကို (၁၀) ကျပ်သားထုပ်၊ (၅၀) ကျပ်သားထုပ်၊ (၁) ပိဿာထုပ်စသည့် အထုပ်များထုပ်၍ ဈေးကွက်သို့ တင်ပို့ရကြောင်း သိရသည်။

ပဲပူးကြော်ဈေးနှုန်းဈေးကွက်များအနေဖြင့် ပဲပူးကြော် (၁၀) ကျပ်သားထုပ် တစ်ထုပ်လျှင် ကျပ် ၁၃၀၀၊ (၅၀) ကျပ်သားထုပ် တစ်ထုပ်လျှင် ကျပ် ၆၅၀၀၊ (၁) ပိဿာထုပ် တစ်ထုပ်လျှင် ကျပ် ၁၃၀၀၀ ဈေးနှုန်းများဖြင့် ပွင့်ဖြူ မင်းဘူး၊ စလင်း၊ ဆင်ဖြူကျွန်းနှင့်ဆိပ်ဖြူမြို့နယ်များသို့ တင်ပို့ရောင်းချရကြောင်း ပဲကြော်လုပ်ငန်းရှင်တစ်ဦးထံမှ သိရသည်။

Source: DOCA (မကွေး)

https://www.commerce.gov.mm/my/article/update-news-local-trade/

## ပြည်ပသို့ ဆန်နှင့်ဆန်ကွဲတင်ပို့မှုမှ ဒေါ်လာ ၃၆၁ သန်းကျော်ရရှိ

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ရှစ်လအတွင်း ပြည်ပသို့ ဆန်နှင့် ဆန်ကွဲတင်ပို့မှုမှ ဒေါ်လာ ၃၆၁ သန်းကျော်ရရှိခဲ့ပြီး လအလိုက် တင်ပို့မှုအနေဖြင့် နိုဝင်ဘာလတွင် ဒေါ်လာသန်း ၉၀ ဖြင့် အများဆုံးရရှိထားကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ ထုတ်ပြန်သည့် စာရင်းများအရ သိရသည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဧပြီမှနိုဝင်ဘာအထိ လအလိုက် ဆန်နှင့်ဆန်ကွဲတင်ပို့မှုမှ ဝင်ငွေရရှိမှုအနေဖြင့် ဧပြီလတွင် ဒေါ်လာ ၃၆ သန်း၊ မေလတွင် ဒေါ်လာ ၄၈ သန်း၊ ဇွန်လတွင် ဒေါ်လာ ၂၈ သန်း၊ ဇူလိုင်လတွင် ဒေါ် လာ ၂၆ သန်း၊ ဩဂုတ်လတွင် ဒေါ်လာ ၂၈ သန်း၊ စက်တင်ဘာ လတွင် ဒေါ်လာ ၄၂ သန်း၊ အောက်တိုဘာလတွင် ဒေါ်လာ ၆၃ သန်းနှင့် နိုဝင်ဘာလတွင် ဒေါ်လာ သန်း ၉၀ အထိ ရရှိထားသည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဧပြီမှ နိုဝင်ဘာအထိ လအလိုက် ဆန်နှင့်ဆန်ကွဲ တင်ပို့မှုအနေဖြင့် ဧပြီလတွင် ၈၇၆၄၈ တန်၊ မေလတွင် ၁၁၀၇၀၆ တန်၊ ဇွန်လတွင် ၆၂၇၂၅ တန်၊ ဇူလိုင်လတွင် ၅၈၃၃၄ တန်၊ ဩဂုတ်လတွင် ၅၉၉၇၁ တန်၊ စက်တင်ဘာလ တွင် ၈၄၇၇၃တန်၊ အောက်တိုဘာ လတွင် ၁၁၉၅၂၆ တန်နှင့် နိုဝင် ဘာလတွင် ၁၇၅၉၉၀ တန်အထိ တင်ပို့ထားသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း) တွင် ဖြစ်ပွားနေသည့်အခြေအနေများကြောင့် နယ်စပ်ကုန်သွယ်မှုက လတ်တလောတွင် ဆောင်ရွက်နိုင်ခြင်းမရှိသဖြင့် ပင်လယ်ရေကြောင်းမှသာ တရုတ်သို့ဆန်တင်ပို့နေကြောင်း မြန်မာနိုင်ငံဆန်စပါး အသင်းချုပ် (MRF) ဥက္ကဋ္ဌ ဦးရဲမင်းအောင်က “တရုတ်နိုင်ငံက ဝယ်ယူမှုလည်းရှိပါတယ်။ ပင်လယ်ရေကြောင်းက တရုတ်နိုင်ငံကို တင်ပို့တာ ရှိပါတယ်။ ဒီအချိန်မှာ တရုတ်နိုင်ငံက ဝယ်ယူတာထက် အိမ်နီးချင်းနိုင်ငံတွေဖြစ်တဲ့ မလေးရှား၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်စတဲ့ နိုင်ငံတွေ ဥရောပနိုင်ငံတွေက ဆန်၊ ဆန်ကွဲဝယ်ယူမှုရှိပါတယ်။ ဒါကိုလည်း အားလုံးက ပြည်ပတင်ပို့ရောင်းချတဲ့ လုပ်ငန်းစဉ်တွေ ဆောင်ရွက်နေပါတယ်”ဟု ၎င်းကပြောသည်။

ပြည်တွင်းဆန်ဈေးက မြင့်သည့်အနေအထားတွင်ရှိနေကြောင်း၊ ခြုံငုံသုံးသပ်ကြည့်ပါက ထိုင်းနိုင်ငံ၊ အိန္ဒိယ၊ ဗီယက်နမ်၊ ပါကစ္စတန်အစရှိသည့်နိုင်ငံများ ၏ ဈေးနှုန်းထက် မြန်မာ့ဆန်ဈေး မြင့်သည့်အနေအထားတွင်ရှိနေသည်။ ပွင့်လင်းရာသီကာလ ဖြစ်သည့် နိုဝင်ဘာ၊ ဒီဇင်ဘာ၊ ဇန်နဝါရီ၊ ဖေဖော်ဝါရီလများတွင် တိုးမြှင့်ရောင်းချနိုင်သည့် အနေအထားများကို ညှိနှိုင်းစီစဉ် ဆောင်ရွက်နေကြောင်း၊ မြန်မာနိုင်ငံမှ ပြည်ပသို့ နှစ်စဉ် ဆန်တန်ချိန် နှစ်သန်းတင်ပို့ရန် ရည်မှန်းဆောင်ရွက်နေသည်။

**Source: မကွေးဂျာနယ်**

## နယ်စပ်မှ တင်ပို့နိုင်ခြင်းမရှိသဖြင့် ရော်ဘာကုန်ကြမ်း ဝယ်လိုအားနည်းပြီး ဈေးကျဆင်း




နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများ ပိတ်နေခြင်းကြောင့် ရော်ဘာကုန်သည်များ၏ ဝယ်လိုအား လျော့နည်းသွားသဖြင့် ရော်ဘာကုန်ကြမ်းဈေးနှုန်းများ ကျဆင်းလာတယ်လို့ ရော်ဘာခြံပိုင်ရှင်အချို့က ပြောပါတယ်။

ရော်ဘာကုန်ကြမ်း တင်ပို့နေသည့် မြန်မာ၊ တရုတ်နယ်စပ် မူဆယ်၊ ချင်းရွှေဟော်တွင် တိုက်ပွဲများကြောင့် လမ်းပန်းဆက်သွယ်ရေးပြတ်တောက်မှုနှင့် အခြားအခက်အခဲ များဖြစ်နေသဖြင့် ကုန်သွယ်ရေးရပ်ဆိုင်းနေသဖြင့် ရော်ဘာကုန်ကြမ်းဈေးနှုန်းများ နိုဝင်ဘာလဆန်းပိုင်းမှစတင်ကာ ဆက်တိုက်သလို ကျဆင်းလာပါတယ်။

ပုံမှန်လာဝယ်နေကြ exporter တွေ ကုန်သည်တွေလည်း လာရောက် ဝယ်ယူမှုသိပ်မရှိတော့ဘူး။ လာရောက်ဝယ်ယူမှုမရှိတော့ ဒီဘက်မှာ ရော်ဘာဈေးက ဆက်တိုက်ဆိုသလို ဈေးကျသွားတယ်လို့ မော်လမြိုင်မှ ရော်ဘာခြံပိုင်ရှင် တစ်ဦးကပြောပါတယ်။

ပြည်တွင်း ရော်ဘာကုန်ကြမ်း တစ်ပေါင်လျှင်ယခင် က ၁၇၀၀ကျော် မှ ၁၈၀၀ ဝန်းကျင်ထိ ရှိခဲ့ပြီး လက်ရှိတွင် တစ်ပေါင်ကို ၁၂၀၀ မှ ၁၅၀၀ ဝန်းကျင်သာရှိကာ ဒေသအလိုက်ဈေးနှုန်းများ ကွာဟနေပါတယ်။

ပြည်ပတင်ပို့သူများအနေဖြင့် သယ်ယူပို့ဆောင်ရေး အခက်အခဲဖြစ်ကာ စရိတ်မြင့်နေသည့်အတွက် ပြည်ပသို့တင်ပို့ပါကလည်း တွက်ခြေကိုက်မည်မဟုတ်ကြောင်း ရော်ဘာလုပ်ငန်းရှင်အချို့ကပြောပါတယ်။ exporter တွေက အရင်ဈေးမြင့်နေတုန်းကလဲ တစ်ဒေါ်လာ ၂၀၀၀ နဲ့ တွက်ရလို့ မတင်ပို့နိုင်ဘူး။လက်ရှိ အခြေအနေမှာလည်း လမ်းပန်းဆက်သွယ်ရေး အခက်ခဲတွေနဲ့ သယ်ယူပို့ဆောင်ရေးစရိတ်မြင့်နေတော့ မသွားနိုင်ဘူး”လို့ ရော်ဘာတင်ပို့သူတစ်ဦးက ပြောပါတယ်။

ထို့ပြင် နိုင်ငံရေးအခြေအနေမကောင်းသည့်အတွက် ရော်ဘာအစေးခြစ်လုပ်သားများမှာလည်း မိမိနေရပ်ဒေသသို့ ပြန်ကြသည့်အတွက် အလုပ်သမားရှားပါး အခက်ခဲများကိုလည်း ရော်ဘာခြံပိုင်ရှင်များ ကြုံတွေ့နေရပါတယ်။


ပြည်တွင်း၌ ရော်ဘာသုံးစွဲမှုနည်းသောကြောင့် ပြည်တွင်းရော်ဘာဈေးကွက်အနေဖြင့် ပြည်ပကိုသာ အားထား တင်ပို့နေရပါတယ်။ ရော်ဘာတစ်နိုင်ငံလုံး စိုက်ဧက တစ်သန်းခြောက်သိန်းနှင့်လေးသောင်းကျော်ထိရှိပြီး ရော်ဘာအထွက်နှုန်းမှာ တစ်နှစ်နှင့်တစ်နှစ် အထွက်နှုန်းများ တိုးတက်လာပါတယ်။

ရော်ဘာကို မြန်မာနိုင်ငံ တောင်ပိုင်းဒေသများဖြစ်သည့် မွန်ပြည်နယ်နှင့်တနင်္သာရီတိုင်းဒေသကြီးတို့တွင် အများဆုံး စိုက်ပျိုးဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်မှာလည်း စိုက်ပျိုးပါတယ်။

**Source: (AMIA)**

https://t.me/htwettoe

## STOCK EXCHANGE (11.12.2023)



YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 8th Dec. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 6,880 (Shares) | 14,554,300 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,800 | +100 | +1.15% | 8,600 | 8,800 | 8,600 | 359 | 3,117,200 | 33,109,694 | 291,365 |
| MTSH | 00002 | 2,900 | +0 | +0.00% | 2,900 | 2,900 | 2,900 | 434 | 1,258,600 | 38,929,150 | 112,895 |
| MCB | 00003 | 7,400 | +0 | +0.00% | 7,400 | 7,400 | 7,400 | 3 | 22,200 | 10,400,986 | 76,967 |
| FPB | 00004 | 1,600 | +0 | +0.00% | 1,650 | 1,650 | 1,550 | 3,455 | 5,383,850 | 29,664,613 | 47,463 |
| TMH | 00005 | 2,350 | +0 | +0.00% | 2,350 | 2,350 | 2,350 | 0 | 0 | 12,823,224 | 30,135 |
| EFR | 00006 | 2,000 | +0 | +0.00% | 2,000 | 2,000 | 2,000 | 404 | 808,000 | 19,977,223 | 39,955 |
| AMATA | 00007 | 4,800 | +0 | +0.00% | 4,800 | 4,800 | 4,800 | 72 | 345,600 | 10,497,598 | 50,389 |
| MAEX | 00008 | 1,650 | -50 | -2.94% | 1,700 | 1,700 | 1,650 | 2,153 | 3,618,850 | 23,804,946 | 39,278 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 8th Dec. 2023

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 364.99 | +1.12 | +0.31% | 364.66 | 365.63 | 361.48 | 6,880 | 14,554,300 | 8 | 688,447 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 8th Dec. 2023

| Trading Volume | Trading Value |
|---|---|
| 6,880 (Shares) | 14,554,300 (MMK) |

## Main Board

As of 1:00 pm, 8th Dec. 2023

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 6,880 (Shares) | 14,554,300 (MMK) |

| MYANPIX | 364.99 ▲ 1.12 |
|---|---|
| Total Volume (shares) | 6,880 |
| Total Value (MMK) | 15 mil |
| Listed Company | 8 |
| Market Cap. (MMK) | 688,447 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,800 | ▲ 100 |
| MTSH | 00002 | 2,900 | ▲ 0 |
| MCB | 00003 | 7,400 | ▲ 0 |
| FPB | 00004 | 1,600 | ▲ 0 |
| TMH | 00005 | 2,350 | ▲ 0 |
| EFR | 00006 | 2,000 | ▲ 0 |
| AMATA | 00007 | 4,800 | ▲ 0 |
| MAEX | 00008 | 1,650 | ▼ 50 |